Vol.1 (3), September 2021




# စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

## Market Information System

စိုက်ပျိုးရေးဦးစီးဌာန

၂၀၂၁ ခုနှစ် စက်တင်ဘာလ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(www.doa.gov.mm, doamisppme@gmail.com, + ၉၅ ၆၇ ၃၄၁၀၅၃၈)

## ပါဝင်သောအကြောင်းအရာများ

- ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ
  - ❖ နံ့စားသီးနှံ
  - ❖ ဆီထွက်သီးနှံ
  - ❖ ပဲမျိုးစုံ
  - ❖ စက်မှုကုန်ကြမ်းသီးနှံ
  - ❖ စားဖိုဆောင်သီးနှံ
- ပြည်တွင်းပြည်ပ လယ်ယာသတင်းများ

### ဈေးကွက်သတင်းအချက်အလက်များ

➢ ပေါ်ဆန်းနှင့်မနောသုခစပါးဈေးနှုန်းများ ဆက်လက်မြင့်တက်နေခြင်း

➢ မြေပဲနှင့် နေကြာဈေးနှုန်းများလျော့ကျကာ နှမ်းဈေးနှုန်းတည်ငြိမ်နေခြင်း

➢ ပဲတီစိမ်းနှင့်မတ်ပဲဈေးနှုန်းများ ပြန်လည် မြင့်တက်လာခြင်း

➢ ပဲစဉ်းငုံနီဈေးနှုန်း အမြင့်ဈေးဖြင့် တည်ငြိမ်နေခြင်း

➢ ချက်ကြံဈေးနှုန်း မြင့်တက်လာနိုင်ခြင်း

➢ ဝါ(ချည်မျှင်ရှည်)တစ်ပိဿာဈေးနှုန်း

➢ ကြက်သွန်နီဈေးနှုန်း ငြိမ်သက်နေသော်လည်း ကြက်သွန်ဖြူဈေးနှုန်း မြင့်တက်လာခြင်း

➢ ငရုတ်အစိုနှင့်အခြောက် (၂)မျိုးလုံး ဈေးနှုန်း မြင့်တက်လာခြင်း

စာမျက်နှာ ၂ မှ ၄

### ပြည်တွင်းပြည်ပလယ်ယာသတင်းများ

❖ အိန္ဒိယနိုင်ငံသည် ပဲပုပ်ဆီနှင့် နေကြာဆီ ဈေးနှုန်းများ တည်ငြိမ်စေရန် တင်သွင်းမှုအခွန်များ လျော့ချခြင်း

❖ တရုတ်နိုင်ငံ၏ သီးနှံအခြေအနေများနှင့် ပဲပုပ်ဈေးနှုန်းများ တရိုန်ထိုး မြင့်တက်လာခြင်း

### စိုက်ပျိုးရေးဆိုင်ရာ နိုင်ငံတကာသတင်းများ

❖ အိန္ဒိယရော်ဘာဈေးကွက်များသည် ဝယ်လိုအား အလားအလာကောင်းခြင်းဖြင့် ဈေးကွက်ကို ဦးဆောင်လျက်ရှိခြင်း

❖ ကမ္ဘာ့ကြက်သွန်နီခြောက်ဈေးကွက် ဝယ်လိုအားမြင့်တက်လာခြင်းနှင့် (၂၀၂၁)ခုနှစ်မှ (၂၀၂၇)ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ (၁၀၅၉.၆) သန်း ရရှိရန်မျှော်မှန်း

❖ ကမ္ဘာ့ဝါထုတ်လုပ်မှု ပြန်လည်ရှင်သန်လာစေရေး မျှော်မှန်းချက် (၂၀၂၁-၂၀၂၂ ခုနှစ်)

❖ ကမ္ဘာတစ်ဝှမ်း သရက်သီးဈေးကွက် ခြုံငုံသုံးသပ်ချက်

❖ တရုတ်ကြက်သွန်ဖြူတင်ပို့မှုသည် ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင်(၁၀-၁၅%) မြင့်တက်ခဲ့ခြင်း

စာမျက်နှာ ၅ မှ ၇

# ဈေးကွက်သတင်း အချက်အလက်များ

## နံ့စားသီးနှံ







### ပေါ်ဆန်းနှင့် မနောသုခစပါး

- ○ သြဂုတ်လအတွင်း ပေါ်ဆန်းဈေးနှုန်းမှာ ရန်ကုန်နှင့် မန္တလေးဈေးကွက်တို့၌ တစ်တင်းလျှင် (၁၂၀၀၀)ကျပ်ကျော်ဖြင့် အမြင့်ဆုံးဖြစ်နေပြီး ယခင်လထက် တစ်တင်းလျှင် ၅၀၀ ကျပ်မှ ၂၀၀၀ ကျပ်(၅% မှ ၂၀%)ခန့်အထိ ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။
- ○ မနောသုခဈေးနှုန်းမှာ သြဂုတ်လအတွင်း မကွေးနှင့်ရေဝတီဈေးကွက်တို့၌ ယခင်လထက် တစ်တင်းလျှင် (၂% မှ ၁၀%)ခန့်ကျဆင်းခဲ့ပြီး အခြားဈေးကွက်များ၌ (၆% မှ ၂၀%)ခန့် ဈေးနှုန်းမြင့်တက်လျက်ရှိပါသည်။
- ○ မနောသုခမှာ မကွေးနှင့် မန္တလေးဈေးကွက်၌ တစ်တင်းလျှင် အမြင့်ဆုံး(၈၅၀၀)ကျပ်ရှိနေပြီး ယခင်လထက် တစ်တင်းလျှင် (၅၀၀ မှ ၁၅၀၀) ကျပ်အထိ ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။
- ○ တောင်သူများနှင့် ကုန်သည်များလက်ဝယ်၌ စပါးလက်ကျန်လျော့နည်းလာခြင်း၊ ကိုဗစ်ကာလ ထောက်ပံ့လှူဒါန်းမှုများ ပြုလုပ်ခြင်း၊ ကပ်ရောဂါနှင့် နိုင်ငံရေးအခြေအနေများကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ဓါတ်ဆီဈေးနှုန်းကြီးမြင့်မှုကြောင့် သယ်ယူစရိတ်ကြီးမြင့်ခြင်း စသည်တို့ကြောင့် ဈေးကွက်အတွင်း စပါးဈေးမှာ အနည်းငယ် မြင့်တက်နေခြင်းဖြစ်ပါသည်။

### အစေ့ထုတ်ပြောင်း




- ▪သြဂုတ်လအတွင်း အစေ့ထုတ်ပြောင်းဈေးနှုန်းမှာ မန္တလေးဈေးကွက်၌သာ ယခင်လထက် တစ်တင်းလျှင် (၂၁၀၀၀)ကျပ်ဖြင့် (၁၀၀%) ကျော်ခန့် အများဆုံးမြင့်တက်ခဲ့ပါသည်။
- ▪ပြည်ပ ဝယ်လက်များမှ ပုံမှန်ဝယ်ယူလျက်ရှိခြင်း၊ ပြည်တွင်းအစာစပ်လုပ်ငန်းတို့မှလည်း ပုံမှန်ဝယ်ယူမှုရှိနေခြင်းတို့ကြောင့် ဈေးနှုန်းမှာ မြင့်တက်နေခြင်းဖြစ်ပါသည်။

## မြေပဲ၊ နှမ်း၊ နေကြာ

- ❖ မြေပဲ(အတောင့်)ဈေးနှုန်းမှာ သြဂုတ်လအတွင်း ရခိုင်နှင့်တနသ်ာရီဈေးကွက်တို့၌ တစ်တင်းလျှင် (၁၆၀၀၀)ကျပ်ဖြင့် အများဆုံးဖြစ်နေပြီး လမ်းပန်းဆက်သွယ်မှုအခက်အခဲနှင့် နယ်စပ်ဂိတ်များ အဝင်ပိတ်မှုတို့ကြောင့် ဝယ်လိုအားကျဆင်းပြီး ယခင်လထက်(၅% မှ ၄၀%)ခန့်အထိ ဈေးနှုန်းလျော့ကျသွားကြောင်း သိရှိရပါသည်။
- ❖ နှမ်း(နက်)ဈေးနှုန်းမှာ သြဂုတ်လအတွင်း ရခိုင်၌ တစ်တင်းလျှင်အမြင့်ဆုံး (၈၅၀၀၀)ကျပ်ရှိနေပြီး ယခင်လထက် မကွေးဈေးကွက်၌တစ်တင်းလျှင် ၁၂၀၀၀ကျပ်(၃၀%)အထိ အများဆုံးမြင့်တက်ခဲ့ပြီး ဈေးကွက်အများစု၌ဈေးငြိမ်လျက်ရှိပါသည်။
- ❖ ကပ်ရောဂါကြောင့် အသွားအလာများ ကန့်သတ်ထားစဉ်အတွင်း နှမ်းမျိုးစုံကို ကုန်သည်၊ စက်ပိုင်များက ဝယ်ယူမှုရပ်နားထားခြင်း၊ ရာသီချိန်မဟုတ်သောကြောင့် ဝယ်လိုအား နည်းနေခြင်း၊

## ဆီထွက်သီးနှံဈေးနှုန်းများ

တရုတ်မှ အများဆုံးဝယ်ယူနေရာမှ ကိုဗစ်ကန့်သတ်ချက်များကြောင့်ကြောင့် မဝယ်ယူသေးဘဲ ပြည်တွင်း၌သာ သိုလှောင်ထားရခြင်း စသည်တို့ကြောင့် ဈေးနှုန်းငြိမ်နေခြင်းဖြစ်သည်ဟု သိရှိရပါသည်။

| ဈေးကွက်အမည် | မြေပဲ(အတောင့်)ဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | ဇူလိုင် | သြဂုတ် | ခြားနားချက်(%) |
| နေပြည်တော် | ၁၂၀၀၀ | ၉၀၀၀ | (-)၂၅.၀၀ |
| ရန်ကုန် | ၂၀၀၀၀ | ၁၂၀၀၀ | (-) ၄၀.၀၀ |
| မန္တလေး | ၂၁၀၀၀ | ၁၃၀၀၀ | (-) ၃၈.၁၀ |
| မကွေး | ၁၁၀၀၀ | ၁၀၅၀၀ | (-)၄.၅၅ |
| တနသ်ာရီ | ၁၅၄၀၀ | ၁၆၈၀၀ | (+) ၉.၀၉ |
| ကယား | ၁၁၅၀၀ | ၁၁၅၀၀ | ၀.၀၀ |
| ကရင် | ၁၂၅၀၀ | ၁၂၅၀၀ | ၀.၀၀ |
| ရခိုင် | ၁၃၅၀၀ | ၁၆၀၀၀ | (+)၁၈.၅၂ |




- • သြဂုတ်လအတွင်း နေကြာဈေးနှုန်းမှာ မကွေးနှင့် မန္တလေးဈေးကွက်တို့၌ တစ်တင်းလျှင် အမြင့်ဆုံး (၁၄၀၀၀)ကျပ်ရှိနေပါသည်။ ယခင်လနှင့်နှိုင်းယှဉ်ပါက နေပြည်တော်နှင့် မန္တလေးဈေးကွက်တို့၌ တစ်တင်းလျှင် ၁၀၀၀၀ကျပ်(၄၀%)ခန့် အများဆုံးကျဆင်းခဲ့ပါသည်။

Vol.1 (3), September 2021

# ပဲမျိုးစုံ ဈေးကွက်

# စက်မှုကုန်ကြမ်းသီးနှံ

## ပဲတီစိမ်း




## မတ်ပဲ

| ဈေးကွက်အမည် | မတ်ပဲဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | ဇူလိုင် | ဩဂုတ် | ခြားနားချက်(%) |
| ရန်ကုန် | ၅၆၀၀၀ | ၄၇၈၀၀ | (-)၁၄.၆၄ |
| မန္တလေး | ၃၄၆၀၀ | ၃၇၃၀၀ | (+)၇.၈၀ |
| မကွေး | ၃၂၀၀၀ | ၃၈၀၀၀ | (+)၁၈.၇၅ |
| ရှေ့ဘို | ၃၇၀၀၀ | ၄၀၀၀၀ | (+)၈.၁၁ |
| တနင်္သာရီ | ၃၄၀၀၀ | ၃၈၀၀၀ | (+)၁၁.၇၆ |
| ကရင် | ၂၈၀၀၀ | ၂၅၅၀၀ | (-)၈.၉၃ |
| မွန် | ၃၆၀၀၀ | ၄၉၀၀၀ | (+)၃၆.၁၁ |
| ရခိုင် | ၃၄၀၀၀ | ၄၀၀၀၀ | (+)၁၇.၆၅ |

### ○ ပဲတီစိမ်းနှင့်မတ်ပဲ

○ ဩဂုတ်လအတွင်း ပဲတီစိမ်းဈေးနှုန်းမှာ ယခင်လနှင့်နှိုင်းယှဉ်ပါက ရန်ကုန်နှင့် မန္တလေးဈေးကွက်တို့၌သာ အနည်းငယ်ကျဆင်းခဲ့ပြီး ဈေးကွက်အများစု၌ တစ်တင်းလျှင် (၅၀၀ မှ ၉၀၀၀)ကျပ် (၂% မှ ၃၀%)အထိ ဈေးနှုန်းမြင့်တက်ကာ ရန်ကုန်၌ တစ်တင်းလျှင်(၄၅၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံး ရှိနေပါသည်။

○ ပဲတီစိမ်းမှာ ကပ်ရောဂါကြောင့် ဈေးကွက်သို့ ကုန်ဝင်ရောက်မှုနည်းခြင်းကြောင့်ဈေးနှုန်းအနည်းငယ်ကျဆင်းခဲ့သော်လည်း လက်ရှိတွင် တရုတ်မှ ဝယ်ယူမှုရှိသည့်အပြင် အိန္ဒိယသို့လည်း တင်ပို့မှုရှိသောကြောင့် ဈေးနှုန်းပြန်လည်မြင့်တက်လာခြင်းဖြစ်ပါသည်။

○ ဩဂုတ်လ၌ မတ်ပဲဈေးနှုန်းသည်လည်း မွန်ပြည်နယ်တွင် တစ်တင်း(၄၉၀၀၀)ကျပ်ဖြင့် အမြင့်ဆုံးရှိနေပြီး ယခင်လထက် တစ်တင်းလျှင် (၂၇၀၀ မှ ၁၃၀၀၀)ကျပ် (၈% မှ ၃၆%)အထိ ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

○ မတ်ပဲဈေးနှုန်းမှာ ပြည်တွင်းလက်ကျန်လျော့နည်းလာခြင်း၊ ငွေလဲလှယ်ဈေးနှုန်းမြင့်တက်လာခြင်း၊ အိန္ဒိယနိုင်ငံတွင် ပဲသိုလှောင်ခွင့် ကန့်သတ်မှုများ ပြင်ဆင်ဖြေလျှော့ပေးခဲ့ခြင်းကြောင့် ပဲအဝယ်လိုက်ကာ ဈေးနှုန်းပြန်လည်မြင့်တက်ခဲ့ခြင်း ဖြစ်သည်ဟု သိရှိရပါသည်။

## ကုလားပဲ




○ ဩဂုတ်လအတွင်း ကုလားပဲဈေးနှုန်းမှာ နေပြည်တော်နှင့် ရခိုင်ဈေးကွက်တို့၌ ယခင်လထက် တစ်တင်းလျှင်(၅% မှ ၁၈%)ခန့် မြင့်တက်လျက်ရှိပြီး မကွေးဈေးကွက်၌ တစ်တင်းလျှင် အမြင့်ဆုံး (၅၅၀၀၀)ကျပ်ရှိနေပါသည်။

○ ပြည်ပမှ တင်သွင်းမှုမရှိသည့်အပြင် ပြည်တွင်းဝယ်လိုအားများလာခြင်း၊ ပြည်တွင်း လက်ကျန်လျော့နည်းလာခြင်းတို့ကြောင့် ကုလားပဲဈေးနှုန်း မြင့်တက်လျက်ရှိကြောင်း သိရှိရပါသည်။




○ ပဲစဉ်းငုံနီ တစ်တင်းဈေးနှုန်းမှာ ဩဂုတ်လ၌ ယခင်လထက် (၈၀၀၀ မှ ၁၅၀၀၀)ကျပ် (၂၃% မှ ၅၇%) ခန့်အထိ မြင့်တက်ခဲ့ပြီး ရန်ကုန်ဈေးကွက်၌ တစ်တင်းလျှင် အမြင့်ဆုံး (၄၄၀၀၀)ကျပ်ဖြင့် ဈေးနှုန်း ဖြစ်ပေါ်နေပါသည်။

○ ပဲစဉ်းငုံနီဈေးနှုန်းမှာ ပြည်တွင်း၌ လက်ကျန်နည်းလာခြင်း၊ အိန္ဒိယမှအဓိကဝယ်ယူနေခြင်းတို့ကြောင့် ယခုလတွင်လည်း ဈေးနှုန်းမြင့်တက်နေဆဲ အနေအထား ဖြစ်နေပါသည်။

## ဝါ(ချည်မျှင်ရှည်)




- ဩဂုတ်လအတွင်း ချည်မျှင်ရှည်ဝါဈေးနှုန်းမှာ ယခင်လထက် တစ်ပိဿာလျှင် (၃၀၀) ကျပ်ခန့်ကျဆင်းခဲ့ပြီး မန္တလေးဈေးကွက်၌ တစ်ပိဿာလျှင် (၁၅၀၀)ကျပ်သာ အများဆုံး ရှိနေပါသည်။
- နေပြည်တော်ဒေသ၌ လာမည့်လအတွင်း ဝါအသစ်များ စတင်ထွက်ရှိမည်ဖြစ်ပြီး တစ်ပိဿာလျှင် ကျပ်(၁၂၀၀)သာ အများဆုံး ဈေးရရှိမည်ဖြစ်ကြောင်း သိရှိရပါသည်။

## ချက်ကြံ




- ချက်ကြံဈေးနှုန်းမှာ ဩဂုတ်လအတွင်း နေပြည်တော်၌ တစ်တန်လျှင် အနိမ့်ဆုံး(၃၃၀၀၀)ကျပ်ဖြစ်ပြီး မန္တလေး၌ အမြင့်ဆုံး(၄၀၀၀၀)ကျပ် ရှိနေပါသည်။ ဩဂုတ်လအတွင်း ဈေးနှုန်းအနိမ့်ဆုံးနှင့် အမြင့်ဆုံးကွာခြားမှုမှာ တစ်တန်လျှင် (၇၀၀၀)ကျပ်ဖြစ်ပါသည်။
- ကြံရာသီချိန်မဟုတ်သောကြောင့် ချက်ကြံဈေးနှုန်းမှာ ပြောင်းလဲမှုမရှိသေးသော်လည်း ပြည်တွင်းသကြားဈေးနှုန်းမှာ တဖြည်းဖြည်းမြင့်တက်လာမှုကြောင့် လာမည့်ကြံရာသီတွင် ကြံတစ်တန်ဈေးနှုန်းမှာ (၅၀၀၀၀)ကျပ်ဝန်းကျင်အထိ ရောက်ရှိလာနိုင်မည်ဟု သိရှိရပါသည်။

# စားဖိုဆောင်သီးနှံ



## ကြက်သွန်နီ




အခက်အခဲများစွာရှိခြင်း၊ တောင်သူများလက်ဝယ်၌ ကြက်သွန်နီလက်ကျန်များစွာရှိနေပြီး ကုန်စည်ဒိုင်များပိတ်ခြင်းကြောင့် ဈေးကွက်အတွင်းသို့ ဝင်ရောက်နိုင်မှုနည်းခြင်း၊ လက်ရှိအချိန်တွင် ပြည်ပမှဝယ်ယူမှု မရှိခြင်းတို့ကြောင့် ဈေးနှုန်းအနည်းငယ်ကျဆင်းကာ ဈေးငြိမ်နေခြင်းဖြစ်သည်ဟု သိရှိရပါသည်။

- ဩဂုတ်လအတွင်း၌ ကြက်သွန်ဖြူ တစ်ပိဿာဈေးနှုန်းမှာ ဇူလိုင်လနှင့်နှိုင်းယှဉ်ပါက (၂၀၀ မှ ၁၅၀၀)ကျပ် (၅% မှ ၅၀%)အထိ မြင့်တက်လာခဲ့ပြီး ရခိုင်ဈေးကွက်၌ တစ်ပိဿာလျှင် (၇၀၀၀) ကျပ်ဖြင့် အမြင့်ဆုံးဈေးနှုန်းရှိနေပါသည်။
- ကြက်သွန်ဖြူမှာ ဈေးကွက်အတွင်းသို့ အဝင်မရှိသလောက်ဖြစ်နေပြီး စားသုံးမှုမှာ ပိုမိုများပြားလာခြင်းကြောင့် ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်ပြီး ကြက်သွန်ဖြူဈေးနှုန်းပြောင်းလဲမှုမှာ ကပ်ရောဂါထိန်းချုပ်ဟန့်တားမှုများအပေါ် မူတည်လျက်ရှိပြီး အဓိကအားဖြင့်လည်း နယ်စပ်ကုန်သွယ်မှုနှင့် ဆက်စပ်မှုရှိနေကြောင်း သိရှိရပါသည်။

## ငရုတ်(အစို/အခြောက်)




- ဩဂုတ်လအတွင်း ငရုတ်(အစို)ဈေးနှုန်းမှာ ပြည်တွင်း ပြည်ပဝယ်လိုအား မြင့်တက်လာသောကြောင့် ဇူလိုင်လနှင့် နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် (၂၀၀ မှ ၁၀၀၀)ကျပ် (၇%မှ ၅၀%)အတွင်း ဈေးနှုန်းမြင့်တက်လာကာ နေပြည်တော်ဈေးကွက်၌ တစ်ပိဿာလျှင် အမြင့်ဆုံး(၃၀၀၀)ကျပ် ရှိနေပါသည်။

## ကြက်သွန်ဖြူ

| ဈေးကွက်အမည် | ကြက်သွန်ဖြူဈေးနှုန်း (ကျပ်/ပိဿာ) | | |
|---|---|---|---|
| | ဇူလိုင် | ဩဂုတ် | ခြားနားချက်(%) |
| နေပြည်တော် | ၄၅၀၀ | ၆၀၀၀ | (+) ၃၃.၃၃ |
| ရန်ကုန် | ၃၈၀၀ | ၄၀၀၀ | (+) ၅.၂၆ |
| မန္တလေး | ၄၀၀၀ | ၄၀၀၀ | ၀.၀၀ |
| မကွေး | ၂၀၀၀ | ၃၀၀၀ | (+) ၅၀.၀၀ |
| ရခိုင် | ၇၀၀၀ | ၇၀၀၀ | ၀.၀၀ |

## ခရမ်းချဉ်

| ဈေးကွက်အမည် | ခရမ်းချဉ်ဈေးနှုန်း (ကျပ်/ပိဿာ) | | |
|---|---|---|---|
| | ဇူလိုင် | ဩ ဂုတ် | ခြားနားချက်(%) |
| နေပြည်တော် | ၁၂၀၀ | ၁၂၀၀ | ၀.၀၀ |
| ရန်ကုန် | ၁၅၀၀ | ၁၅၀၀ | ၀.၀၀ |
| မန္တလေး | ၁၀၀၀ | ၇၀၀ | (-) ၃၀.၀၀ |
| မကွေး | ၅၀၀ | ၅၀၀ | ၀.၀၀ |
| ရခိုင် | ၄၀၀၀ | ၈၀၀၀ | (+) ၁၀၀ |




## ကြက်သွန်နီနှင့် ကြက်သွန်ဖြူ

- ကြက်သွန်နီတစ်ပိဿာဈေးနှုန်းမှာ ဇူလိုင်လတွင် ရန်ကုန်ဈေးကွက်၌ တစ်ပိဿာလျှင် (၁၀၀၀)ကျပ် အမြင့်ဆုံးရှိနေရာမှ ယခုဩဂုတ်လအတွင်း၌ ဈေးကွက်အများစုတွင် (၅၀ မှ ၄၀၀)ကျပ် (၁၀%မှ ၄၀%)အတွင်း ဈေးနှုန်းအနည်းငယ် ကျဆင်းသွားခဲ့ပြီးတနင်္သာရီဈေးကွက်၌ တစ်ပိဿာလျှင်(၈၅၀) ကျပ်သာ အများဆုံးရှိနေပါသည်။
- ကြက်သွန်နီဈေးနှုန်းမှာ ကပ်ရောဂါနှင့် နိုင်ငံရေးအခြေအနေများကြောင့် သယ်ယူပို့ဆောင်ရေး

- ခရမ်းချဉ်တစ်ပိဿာဈေးနှုန်းမှာ ယခင်လဈေးနှုန်းအတိုင်းတည်ငြိမ်နေသော်လည်း ရခိုင်ဈေးကွက်၌ တစ်ပိဿာလျှင် အမြင့်ဆုံး(၈၀၀၀)ကျပ်ရှိနေပြီး မန္တလေးဈေးကွက်၌ ဇူလိုင်လထက် (၃၀%)ခန့် ဈေးနှုန်းကျဆင်းခဲ့ပါသည်။
- ကိုဗစ်ရောဂါကူးစက်မှုကြောင့် ကုန်စည်ဒိုင်များပိတ်ထားရပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ရပ်နားထားရသောကြောင့် ခရမ်းချဉ်သီးဈေးကွက်အဝင်များပြီး ဈေးနှုန်းကျဆင်းသွားခြင်းဖြစ်သည်ဟု သိရှိရပါသည်။

- ငရုတ်(အခြောက်)ဈေးနှုန်းမှာ ရန်ကုန်ဈေးကွက်၌ တစ်ပိဿာလျှင် (၁၀၀၀၀)ကျပ်ဖြင့် ဩဂုတ်လအတွင်း အမြင့်ဆုံးဈေးနှုန်းဖြစ်နေပါသည်။
- ဇူလိုင်လဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက နေပြည်တော်နှင့် ရန်ကုန်ဈေးကွက်တို့၌ (၁၅၀၀ မှ ၂၀၀၀) ကျပ် (၂၅% မှ ၄၃%)ခန့် ဈေးနှုန်းအနည်းငယ် မြင့်တက်ခဲ့ပါသည်။

# ပြည်တွင်း ပြည်ပ လယ်ယာသတင်းများ

## အိန္ဒိယနိုင်ငံသည် ပဲပုပ်ဆီနှင့် နေကြာဆီ ဈေးနှုန်းများ တည်ငြိမ်စေရန် တင်သွင်းမှုအခွန်များ လျှော့ချခြင်း

- ကမ္ဘာ့ဟင်းသီးဟင်းရွက်ဆီအများဆုံး ဝယ်ယူသူများသည် စံချိန်တင်ဈေးနှုန်းနီးပါး ဈေးနှုန်းတည်ငြိမ်စေရန် ကြိုးပမ်းနေစဉ် အိန္ဒိယနိုင်ငံသည် ပဲပုပ်ဆီနှင့် နေကြာဆီ ကုန်ကြမ်းအပေါ် အခြေခံသွင်းကုန်အခွန်များအား (၆)ပတ်တာ ကာလအတွင်း (၁၅% မှ ၇.၅%)သို့ လျှော့ချသည့် အစိုးရအမိန့်တစ်ခု ထုတ်ပြန်ခဲ့ကြောင်း၊
- စက်တင်ဘာလတွင် အခွန်လျှော့ချမှုသည် ပဲပုပ်ဆီနှင့် နေကြာဆီတင်သွင်းမှုများကို တိုးမြင့်စေနိုင်သော်လည်း လကုန်အထိ အချိန်ကာလတိုအတွက်သာဖြစ်နိုင်ပြီး ကြီးကြီးမားမား သက်ရောက်ရန် မဖြစ်နိုင်ကြောင်း၊
- ထောက်ပံ့ပို့ဆောင်ရေးအရ ယခုအချိန်တွင် စာချုပ်များချုပ်ဆိုရန် မဖြစ်နိုင်သေးဘဲ ယခုလကုန်မတိုင်မီ အိန္ဒိယဆိပ်ကမ်းများတွင် သင်္ဘောများလည်း ကုန်ချမည်ဖြစ်ကြောင်း၊
- အိန္ဒိယနိုင်ငံသည် အဓိကအားဖြင့် အာဂျင်တီးနား၊ ဘရာဇီး၊ ယူကရိန်းနှင့် ရုရှားနိုင်ငံတို့မှ ပဲပုပ်ဆီနှင့်နေကြာဆီများကို ဝယ်ယူနေပြီး စားသုံးဆီလိုအပ်ချက်၏သုံးပုံနှစ်ပုံအား သွင်းကုန်များမှ တဆင့်ဖြည့်ဆည်းခဲ့ရာ လွန်ခဲ့သောလ အနည်းငယ်အတွင်း ပြည်တွင်းဆီဈေးနှုန်းများ မြင့်တက်လာခြင်းကို ထိန်းချုပ်ရန် ရုန်းကန် နေရကြောင်း၊
- ပဲပိစပ်ဆီနှင့် နေကြာဆီတင်သွင်းမှုအခွန်သည် စားအုံးဆီတင်သွင်းမှုအခွန်ထက်ပို၍ မြင့်မားနေပြီး ဤတင်သွင်းမှုအခွန် လျှော့ချခြင်းကြောင့် ယခုအခါတွင် သွင်းကုန်အခွန်များမှာ ညီမျှမှုရှိကြောင်း၊
- တင်သွင်းမှုအခွန်လျှော့ချပြီးနောက်တွင် အခြေခံသွင်းကုန်အခွန်နှင့် အခြားသောအခွန်များ(၇.၅%) အပါအဝင် ပဲပုပ်နှင့်နေကြာဆီကုန်ကြမ်း တင်သွင်းမှုသည် စုစုပေါင်းအခွန်ပမာဏ(၃၀.၂၅%) အခွန်ထမ်းဆောင်ရမည် ဖြစ်ကြောင်း သိရှိရပါသည်။

Source: https://www.reuters.com/world/india/india-cuts-soyoil-sunflower-oil-import-tax-2021-08-20/

## တရုတ်နိုင်ငံ၏ သီးနှံအခြေအနေနှင့် ပဲပုပ်ဈေးနှုန်းများ တရှိန်ထိုးမြင့်တက်လာခြင်း

- ၂၀၂၁ ခုနှစ် ဩဂုတ်လ(၃၀)ရက်နေ့ ကောက်ပဲသီးနှံ တိုးတက်မှုအစီရင်ခံစာတွင် USDA သည် ပဲပုပ်ဈေးကွက်အခြေအနေသည်(၁%) လျော့ကျခဲ့သော်လည်း ယခုအခါ (၅၆%) အကောင်းမွန်ဆုံးအခြေအနေတွင် ရပ်တည်နေကြောင်း၊
- ပဲပုပ်ဈေးကွက်အခြေအနေသည် ဈေးနှုန်း(၃%) ထိကျဆင်းခဲ့ပြီးနောက် တစ်ပတ်ခန့်အကြာအထိ ဈေးနှုန်းများဆက်လက် ကျဆင်းခဲ့ခြင်းကြောင့် ကုန်သည်များသည် ရောင်းလိုအားသာမက ဝယ်လိုအားကိုပါ အနီးကပ်စောင့်ကြည့်နေကြောင်း၊
- USDA သည် တရုတ်သို့ အမေရိကန်ပဲပုပ်သီးသန့်ရောင်းချခြင်းကို နောက်ထပ်အတည်ပြုခဲ့ကြောင်း၊ ယခုလအစောပိုင်းတွင် တရုတ်သည်နေ့စဉ် ပဲပုပ်ရောင်းအားများ ဆက်တိုက်ရှိခဲ့ပြီး ထပ်တိုး ဝယ်လိုအားသည် နှစ်လနီးပါးအတွင်း ပဲပုပ်ဈေးနှုန်းများကို အမြင့်ဆုံး အမြတ်ရရှိရန် အထောက်အကူဖြစ်စေကြောင်း၊
- စက်တင်ဘာလကုန်တွင် ပဲပုပ်များအားလုံး ပို့ဆောင်မည်ဖြစ်ပြီး အောက်တိုဘာလပထမပတ်တွင်ရောက်ရှိလာမည်ဖြစ်သောကြောင့် ဝယ်လိုအားတိုးတက်ကောင်းမွန်လာနိုင်ကြောင်း၊ ပဲပုပ်ဆီဈေးနှုန်းများသည် ဩဂုတ်လ(၃၁)ရက်နေ့တွင်ပဲပုပ်အလားအလာကို အထောက်အပံ့ဖြစ်စေပြီး ၎င်းနေ့တွင် ပဲပုပ်ဆီဈေးနှုန်း(၃%)ထိ မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

Source: https://www.agweb.com/news/crops/soybeans/china-crop-conditions-and-soybean-oil-strength-spark-surge-soybean-prices

## အိန္ဒိယရော်ဘာဈေးကွက်သည် ဝယ်လိုအားအလားအလာကောင်းခြင်းဖြင့် ဈေးကွက်ကို ဦးဆောင်လျက်ရှိခြင်း

### တက်ရိပ်ရှိသောရော်ဘာဈေးကွက်အလားအလာ

- အိန္ဒိယနိုင်ငံ၏ ပြည်တွင်းရော်ဘာဈေးနှုန်းများ မြင့်တက်လာသည်မှာ တစ်လကျော်ကြာခဲ့ပြီး ဩဂုတ်လတွင် MCX ရော်ဘာသည် ယခင်လကဈေးနှုန်းနှင့် နှိုင်းယှဉ်လျှင် ရူပီး(၇၀၀)နီးပါး တန်ဖိုးမြင့်တက်ခဲ့ကြောင်း၊
- Covid-19 ကပ်ရောဂါဖြစ်ပွားမှု ကာလအတွင်း ရော်ဘာလက်အိတ်နှင့် ထုပ်ပိုးရာတွင် အသုံးပြုသော တိတ်ခွေများ သုံးစွဲမှုမြင့်တက်လာခြင်းကြောင့်အိန္ဒိယနှင့်ကမ္ဘာ့ဈေးကွက်ကို အထောက်အကူပြုလျက်ရှိသော သဘာဝရော်ဘာထုတ်လုပ်မှုကို တွန်းအားတရပ် ဖြစ်လာစေကြောင်း၊
- တရုတ်၏ သိုလှောင်မှုကြောင့် ကမ္ဘာ့ရော်ဘာရောင်းလိုအားသည် ပြတ်တောက်လာပြီး အမေရိကန်၏ ကုန်ထုတ်လုပ်သူများမှ ဈေးကွက်မပျက်ခင် ပစ္စည်းရရှိထားနိုင်ရန်နှင့် တင်ပို့ရောင်းချနိုင်ရန် တဟုန်ထိုးဝယ်ယူ တင်ပို့ကြကြောင်း၊
- မလေးရှား ရော်ဘာလက်အိတ်လုပ် ထုတ်သူများအဖွဲ့အစည်း (MARGMA)မှ ဖော်ပြသောအချက်အလက်များအရ လအနည်းငယ်အကြာတွင် ကမ္ဘာ့ရော်ဘာလက်အိတ် ရောင်းလိုအားသည် ယခုနှစ်အတွင်း (၄၂၀)ဘီလီယံ အထိရှိလိမ့်မည်ဟု ခန့်မှန်းထားပြီး ကပ်ရောဂါအားဆက်လက်တိုက်ဖျက်နေသောကြောင့် ခန့်မှန်းခြေဝယ်လိုအားသည်(၈၀ မှ ၅၀၀)ဘီလီယံအထိ ရရှိနိုင်ရန် ခန့်မှန်းထားကြောင်း၊
- အိန္ဒိယနိုင်ငံ၏ မော်တော်ယာဉ် ထုတ်လုပ်ရေးစက်မှုလုပ်ငန်းသည် လက်ရှိတွင် ကမ္ဘာ့စတုတ္ထမြောက်အကြီးဆုံးဖြစ်ပြီး လာမည့်နှစ်အနည်းငယ်အတွင်း တတိယအကြီးဆုံးဖြစ်လာလိမ့်မည်ဟု အဆင့်သတ်မှတ်ရေးအေဂျင်စီများမှ ခန့်မှန်းထားကြောင်း၊
- ကမ္ဘာ့ကပ်ရောဂါဘေးမှ ပြန်လည်နာလန်ထူလာနိုင်သည်နှင့်အမျှ ရော်ဘာသုံးစွဲမှုသည် ပိုမိုကြီးထွားလာနိုင်ပြီး ထိုအခြေအနေ၌ ဈေးနှုန်းများအပေါ် အကျိုးသက်ရောက်မှုကို တွေ့မြင်နိုင်ကြောင်း၊ လာမည့်လများတွင် အိန္ဒိယရော်ဘာဈေးကွက်၏ ဝယ်လိုအားသည် ကောင်းမွန်သောအလားလာရှိကြောင်း၊ ကာလ လတ်ဇယားများအရ ၁၆၀၀၀ အဆင့်ထက် ကြာရှည်စွာပိတ်ထားသောကြောင့် ရော်ဘာသည် လာမည့်လတွင် ကုန်သွယ်မှု ပိုမိုမြင့်မားမည်ဟု မျှော်လင့်ပေးထားသောကာလအတွင်း (၂၀၀၀၀) မှ (၂၀၅၀၀) အဆင့်အထိ မြင့်တက်လာနိုင်ကြောင်း သိရှိရပါသည်။

Source: https://krishijagran.com/ commodity-news/rubber-markets-maintain-upward-trend-demand-outlook-appears-promising/

## ကမ္ဘာ့ကြက်သွန်နီခြောက်ဈေးကွက် ဝယ်လိုအားမြင့်တက်လာခြင်းနှင့် (၂၀၂၁ မှ ၂၀၂၇) ခုနှစ်အတွင်းအမေရိကန်ဒေါ်လာ (၁၀၅၉.၆) သန်းရရှိရန်မျှော်မှန်း

- ကြက်သွန်နီခြောက်များကို အစိုဓာတ် ဖယ်ရှားခြင်း(သို့) အခြောက်ခံခြင်းဖြင့် ရရှိစေပြီး ၎င်းသည် ခေတ်သစ်ကြက်သွန်နီ ဈေးကွက်များတွင် သမရိုးကျကြက်သွန်နီခြောက်များအတွက် အကောင်းဆုံး အစားထိုးခြင်းဖြစ်ပြီး ကြက်သွန်နီခြောက်များ အသုံးပြုခြင်းဖြင့်ရရှိသောအကျိုးကျေးဇူးများမှာ အဆင်သင့်အသုံးပြုနိုင်ခြင်း၊ ကုန်ကျစရိတ်နည်းခြင်းနှင့်ကြာရှည်ထိန်းသိမ်းထားနိုင်ကြောင်း၊
- ကမ္ဘာ့ကြက်သွန်နီခြောက်ဈေးကွက်များသည် ထုတ်ကုန်အမျိုးအစား၊ အသုံးချမှုနှင့် ဒေသပေါ်မူတည်၍ ကွဲပြားပြီး ကြက်သွန်နီခြောက်အမျိုးအစားမှာ သဘာဝ ကြက်သွန်နီခြောက် (Organic)နှင့် သမရိုးကျ ကြက်သွန်နီခြောက်ဟူ၍ နှစ်မျိုးခွဲခြားထားကြောင်း၊
- ထုတ်ကုန်ပေါ်မူတည်၍ ကမ္ဘာ့ဈေးကွက်ကို အနီရောင် ကြက်သွန်နီ၊ အဖြူရောင် ကြက်သွန်နီနှင့် စပ်မျိုးကြက်သွန်နီများအဖြစ် ခွဲထားကြောင်း၊
- အသုံးချမှုတွင် အသုပ်သုပ်ရာတွင် အသုံးပြုသည့်အရည်နှင့် ဆော့စ်၊ အစားအစာပြုပြင်ထုတ်လုပ်ခြင်း၊ အဆာပြေမုန့်နှင့် ဟင်းခတ်ထုတ်ကုန်များ၊ အဆင်သင့်အစားအစာများနှင့် အခြားအရာများပါဝင်ကြောင်း၊
- နေရာဒေသအလိုက် ကြက်သွန်နီခြောက် ဈေးကွက်ကို အမေရိကန်၊ ဥရောပ၊ တရုတ်၊ ဂျပန်၊ အရှေ့တောင်အာရှ၊ အိန္ဒိယနှင့် အခြားနိုင်ငံများဟူ၍ ခွဲခြားထားကြောင်း၊
- အာရှပစိဖိတ်ဒေသသည်ဈေးကွက်တွင် ဒုတိယအဓိကဒေသဖြစ်လိမ့်မည်ဟု မျှော်မှန်းထားပြီး ခန့်မှန်းကာလအတွင်း သိသိသာသာ တိုးပွားလာရန် မျှော်မှန်းထားကြောင်း၊ ၎င်းသည် ထွန်းသစ်စနိုင်ငံများဖြစ်သည့် တရုတ်နှင့် အိန္ဒိယတို့မှ ဝယ်လိုအားမြင့်တက်လာခြင်းတို့ကြောင့် ဖြစ်ကြောင်း၊
- နိုင်ငံအသီးသီးတွင် COVID-19 ရောဂါဖြစ်ပွားမှုကြောင့် lockdown များပြုလုပ်ခြင်း၊ ခရီးသွားလာ ခွင့်ပိတ်ပင်ခြင်းနှင့် စီးပွားရေးပိတ်ပင်ခြင်းတို့သည် စီးပွားရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများကို ထိခိုက်ခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ အစားအစာနှင့် အဖျော်ယမကာ လုပ်ငန်းများသည်ရောင်းလိုအား ကွင်းဆက်ပြတ်တောက်ခြင်း၊ နည်းပညာပြပွဲများ ဖျက်သိမ်းခြင်းနှင့် ရောဂါဖြစ်ပွားမှုကြောင့် ရုံးများပိတ်ခြင်းစသည့် ကြီးမားသော အနှောင့်အယှက်များကို ရင်ဆိုင်နေရသော အဓိကလုပ်ငန်းများထဲမှ တစ်ခုဖြစ်ပြီး တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ကုန်ထုတ်လုပ်ငန်း၏ ဗဟိုချက်ဖြစ်ပြီး လက်ရှိကုန်ကြမ်းကြက်သွန်နီခြောက် အများဆုံး တင်သွင်းသူများ ဖြစ်ကြောင်း သိရှိရပါသည်။

Source: https://thefoodbeveragenews. com/935/global-dehydrated-onions-market-is-driving-owing-to-increasing-demand-for-convenience-or-packaged-foods/

## ကမ္ဘာ့ဝါထုတ်လုပ်မှု ပြန်လည်ရှင်သန်လာစေရေးမျှော်မှန်းချက် (၂၀၂၁-၂၀၂၂ ခုနှစ်)

- ♣ ၂၀၂၀-၂၁ခုနှစ် မတိုင်ခင်Covid-19 ကပ်ရောဂါအခြေအနေကြောင့် ကမ္ဘာတွင် ဝါထုတ်လုပ်မှု (၇%)ကျဆင်းသွားသော်လည်း ၂၀၂၁-၂၂ ခုနှစ်တွင် လုပ်ငန်းများ ပြန်လည်ကောင်းလာပြီး ဝါထုတ်လုပ်မှု (၃%)မြင့်တက်လာရန် မျှော်မှန်းထားကြောင်း၊
- ♣ ICAC ၏ နောက်ဆုံးထုတ်ပြန်ချက်အရ ယခင်နှစ်အစောပိုင်း ထုတ်လုပ်မှုတန်ချိန်(၂၄.၂)သန်းနှင့်နှိုင်းယှဉ်လျှင် ၂၀၂၁-၂၂ ခုနှစ်တွင် ကမ္ဘာ့ဝါထုတ်လုပ်မှုသည် တန်ချိန်(၂၅)သန်းထိ မြင့်တက်လာကြောင်း၊
- ♣ အမေရိကန်ပြည်ထောင်စုသည် ယခင်နှစ်ရာသီထက် ဝါထုတ်လုပ်မှု(၂၂%) မြင့်တက်လာပြီး တန်ချိန်(၃.၈)သန်းထိ ထုတ်လုပ်နိုင်ရန် ရည်ရွယ်ထားကြောင်းနှင့် အိန္ဒိယနိုင်ငံတွင် တန်ချိန်(၅.၉)သန်းဖြင့် ထုတ်လုပ်မှု ဆက်လက်မြင့်မားမည်ဟု မျှော်မှန်းထားကြောင်း၊
- ♣ ဘရာဇီးနိုင်ငံသည် ဒီဇင်ဘာလထိ ဝါ စတင်စိုက်ပျိုးခြင်းမရှိသေးသောကြောင့် စိုက်ပျိုးဧကကို ကြိုတင်ခန့်မှန်းချက်ထုတ်ပြန်ထားခြင်း မရှိသေးသော်လည်း ဝါထုတ်လုပ်မှုကို တန်ချိန်(၂.၃)သန်းထိ တိုးမြင့်ထုတ်လုပ်နိုင်ရန် ရည်ရွယ်ထားကြောင်း၊
- ♣ ၂၀၂၀-၂၁ ခုနှစ်တွင် ကမ္ဘာ့ဝါအသုံးပြုခြင်းနှင့် ကုန်သွယ်ခြင်းသည် (၁၂.၄%)ဖြင့် တန်ချိန်(၂၅.၅)သန်းမြင့်တက်လာပြီး ပြန်လည်ထောင်မတ်လာသည်ကို တွေ့မြင်ရပြီး ၂၀၂၁-၂၂ ခုနှစ်တွင်လည်း အလားတူမြင့်တက်ရန် ခန့်မှန်းထားကြောင်း၊
- ♣ ၂၀၂၁-၂၂ ခုနှစ်အတွက် ICAC အတွင်းရေးမှူးချုပ်ရုံး၏ လက်ရှိပျမ်းမျှရာသီ A ညွှန်းကိန်းပေါက်ဈေးမှာ တစ်ပေါင်လျှင် အလယ်အလတ် အမေရိကန်(၉၅.၄၃)ဆင့်ဖြစ်ပြီး (၇၃)ဆင့်မှ (၁၂၅)ဆင့်ထိ ခန့်မှန်းထားကြောင်း၊
- ♣ သို့သော်လည်း ဘင်္ဂလားဒေ့ရှ်နှင့် ဗီယက်နမ်နိုင်ငံတို့မှ ယခုလက်ရှိတင်ပြချက်များသည် ကပ်ရောဂါမြင့်တက်လာခြင်းကြောင့် လုပ်ငန်းများပိတ်ခြင်း၊ ကန့်သတ်နယ်မြေများ ဖြစ်ပေါ်စေခြင်းနှင့် ပင်လယ်သင်္ဘောလမ်း ပြဿနာများသည် အဓိကအခက်အခဲများဖြစ် ကြောင်း၊ ထုတ်လုပ်သူများသည်လည်း ၎င်းတို့၏ orders ပြည့်ရန် အလုအယက်ကြိုးစားမှုများရှိကြကြောင်း၊
- ♣ ICAC သည် အဓိကအားဖြင့် ကမ္ဘာ့ဝါစီးပွားရေးဈေးကွက်ကောင်းမွန် ထိန်းသိမ်းရန် အဖွဲ့ဝင်နိုင်ငံများကို ကူညီထောက်ပံ့သော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ပြီးခဲ့သည့်လတွင် ICAC သည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနနှင့် စီးပွားဖက်အဖြစ် ဆောင်ရွက်ခဲ့ကြောင်းနှင့် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် ဇန်ဘီယာ၌ အနည်းဆုံး ဝါစိုက်တောင်သူ(၅၀၀၀၀)တို့မှ အထွက်နှုန်း(၂)ဆတိုးရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း ICAC- International Cotton Advisory Committee မှ ပြောကြားခဲ့ပါသည်။

Source:https://www.just-style.com/news/expected-revival-in-world-cotton-production-in-2021-22/

## ကမ္ဘာ့တစ်ဝှမ်း သရက်သီးဈေးကွက် ခြုံငုံသုံးသပ်ချက်

- ♣ ဂျာမနီနိုင်ငံတွင်ရှိသော များစွာသော ကုမ္ပဏီများသည် စပိန်မှတင်သွင်းသော အော်ဂဲနစ်သရက်သီးများကို အာရုံစိုက်နေကြပြီး စားသုံးသူများသည် အရည်အသွေးကောင်းသော

အော်ဂဲနစ်သရက်သီးများကို ဈေးကောင်းပေး၍ ဝယ်ယူချင်သည့် ဆန္ဒရှိနေကြကြောင်း၊

- ♣ အချို့နေရာတွင် ဈေးနှုန်းများသည် တစ်ကီလိုလျှင် (၁၂ မှ ၁၅)ယူရိုအထိ ရှိနေကြောင်း၊
- ♣ ယခင်နှစ်အိမ်တွင်းစားသုံးမှုသည်ယခုနှစ်ထက် ပိုမိုများပြားခဲ့သောကြောင့် ယခုနှစ်သရက်ဝယ်လိုအားသည် လျော့နည်းလာကြောင်း၊
- ♣ အီတလီနိုင်ငံ၊ Sicilyကျွန်းဆွယ်ဒေသတွင် ယခုနှစ်အထွက်နှုန်းနိမ့်သော်လည်း အရည်အသွေးအလွန်ကောင်းသည်ဟု သရက်စိုက်ပျိုးသူတစ်ဦးမှပြောကြားခဲ့ကြောင်း၊ ကနဦးဈေးနှုန်းများသည် ယခင်နှစ်ရာသီနှင့်ယှဉ်လျှင် (၂၀%) မြင့်တက်လာပြီး လက်ရှိအီတလီဈေးကွက်တွင် အစ္စရေးသရက်သီးများလည်းရှိနေပြီး ၎င်းသည် ရက်သတ္တပတ် (၂)ပတ်စောနေကြောင်း၊
- ♣ စပိန်သရက်သီး campaign ကို စပိန်နိုင်ငံ၊ Axarquia နှင့် Malaga ဒေသရှိ စိုက်ပျိုးမြေ (၃၀၀၀)ဟက်တာရှိသော မြေနေရာတွင် စတင်ခဲ့ပြီး ပထမအကြိမ်ရောင်းချမှုတွင် စပိန်သရက်သီးကို အလွန်စိတ်ဝင်စားကြကြောင်း၊
- ♣ ၎င်းတို့သည်ယခင်နှစ်ထက်ပင် အရည်အသွေးကောင်းသည့်အပြင် ကောင်းမွန်သော အရောင်အဆင်းနှင့် အရွယ်အစားကြီးမားလာကြောင်း၊
- ♣ မြောက်အမေရိကသို့ သရက်သီးများ ဝင်ရောက်လာမှုသည် လတ်တလောတည်ငြိမ်လျက်ရှိပြီး မက္ကဆီကိုသည် Sinaloa ပြည်နယ် (တောင်နှင့်မြောက်ပိုင်း)တို့မှ အဓိကတင်ပို့နေဆဲဖြစ်ကြောင်း၊
- ♣ လက်ရှိအချိန်ထိ မက္ကဆီကိုသည် သေတ္တာပေါင်း (၆၉.၄)သန်း တင်ပို့ခဲ့ပြီး ထိုနှုန်းဖြင့်ပင် နှစ်စဉ်တင်ပို့ရန် စီစဉ်ထားကြောင်း၊ သရက်သီးဝယ်လိုအား အားကောင်းမှုသည် အထူးသဖြင့် တောင်ပိုင်းဒေသနှင့် အနောက်ဘက်ကမ်းရိုးတန်းဒေသများမှ ဖြစ်ကြောင်း၊ သမိုင်းကြောင်းအရ စားသုံးမှုသည် နှစ်စဉ်တိုးတက်လာပြီး ဈေးနှုန်းများသည်လည်း ပြီးခဲ့သည့်သုံးပတ်အတွင်း တစ်ပတ်ထက် တစ်ပတ်ပိုမိုမြင့်တက်လျက်ရှိကြောင်း၊
- ♣ ဩစတြေးလျ သရက်သီးပေါ်သည့်ရာသီသည် ကိုးပတ်မြောက်ရှိပြီဖြစ်ပြီး နောက်ဆုံး အပတ်ဖြစ်သော ဩဂုတ်လ(၂၇)ရက်နေ့အတွက် မြောက်ပိုင်းနယ်မြေ၏ မြို့တော် Darwin မှ သေတ္တာပေါင်း (၄၄၀၀၀)ကို ဈေးကွက်သို့ တင်ပို့ခဲ့ပြီး အောက်တိုဘာလအလယ်တွင် ပမာဏပိုမိုများပြားရန် ခန့်မှန်းထားကြပါသည်။

Source: https://www.freshplaza.com/article/ 9351797/global-overview-mangoes/

## တရုတ်ကြက်သွန်ဖြူတင်ပို့မှုသည် ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် (၁၀ မှ ၁၅) ရာခိုင်နှုန်း မြင့်တက်ခဲ့ခြင်း

- ▪ ဩဂုတ်လအတွင်း အကြောင်းအမျိုးမျိုးကြောင့် ကြက်သွန်ဖြူတင်ပို့မှုဈေးနှုန်းများ လျင်မြန်စွာမြင့်တက်ခဲ့ပြီး တောင်သူများသည် ထိုသို့ဈေးနှုန်းမြင့်တက်မှုများကြောင့် ရောင်းလိုအားထက်သန်မှုရှိခဲ့သော်လည်း ပစ္စည်း သိုလှောင်ရန်အတွက် ကုန်လှောင်ရုံပိုင်ရှင် များမှာမူ အခက်အခဲပို၍ ဖြစ်ပွားခဲ့ကြောင်း၊
- ▪ ၎င်းကြောင့် ကြက်သွန်ဖြူဈေးနှုန်းများ လျင်မြန်စွာ ပြန်လည်ကျဆင်းစေခဲ့ပြီး အချိန်တိုအတွင်းတွင် ကြက်သွန်ဖြူဈေးနှုန်းများသည် (၀.၅) ကီလိုဂရမ်လျှင် (၂.၅)ယွမ် (အမေရိကန် ဒေါ်လာ ၀.၃၉) မှ (၂.၂)ယွမ် (အမေရိကန် ဒေါ်လာ ၀.၃၄) သို့ ကျဆင်းခဲ့ကြောင်း၊
- ▪ ဈေးကွက်တွင် ဝယ်ယူသူအသစ်များ ပါဝင်ရောက်ရှိလာမှုကြောင့် ကြက်သွန်ဖြူဈေးနှုန်းများ ပြန်လည်ဈေးတက်လာပြီး ဩဂုတ်လ ဒုတိယလဝက်တွင် ဈေးနှုန်းများ ပြန်လည်တည်ငြိမ်ခဲ့ကြောင်း၊
- ▪ ကြက်သွန်ဖြူ ပို့ကုန်လုပ်ငန်းရှေ့ဆောင်အဖွဲ့သည် တရုတ်ကြက်သွန်ဖြူများအား ကမ္ဘာတစ်ဝန်းများစွာသော ဈေးကွက်များသို့ တင်ပို့ခဲ့ကြောင်း၊
- ▪ ဘရာဇီးနှင့် တူရကီဈေးကွက်များတွင် တရုတ်ကြက်သွန်ဖြူတင်ပို့မှု ပမာဏသည် (၈၀%) ကျဆင်းခဲ့ပြီး အဓိကအားဖြင့် ၎င်းတို့၏ ဈေးကွက်များ အားနည်းသွားခြင်းကြောင့် ဖြစ်ကြောင်း၊
- ▪ ယခုအခါတွင် အဖွဲ့သည် အဓိကအားဖြင့် ကြက်သွန်ဖြူများကို အာဖရိကနိုင်ငံအတွက် အသေးစား ကုန်စည်တင်သွင်းမှုပမာဏနှင့်အတူ အမေရိကအလယ်ပိုင်းနှင့် ဥရောပနိုင်ငံများသို့ တင်ပို့ပါကြောင်း၊
- ▪ တရုတ်နိုင်ငံ၏ကြက်သွန်ဖြူမြို့တော်ဟု လူသိများသည့် Jinxiang ခရိုင်အတွင်းရှိ Mamiao မြို့တွင် တည်ရှိပြီး ကြက်သွန်ဖြူ စိုက်ပျိုးခြင်း၏ ရှည်လျားသော သမိုင်းကြောင်း ရှိခဲ့ကြောင်း၊
- ▪ ၎င်းနေရာသည် တရုတ်နိုင်ငံတွင် ကြက်သွန်ဖြူ စိုက်ပျိုးသည့် တစ်ခုတည်းသော နေရာဖြစ်ပြီး Mamiaoကြက်သွန်ဖြူ၏ ထုတ်ကုန်အရည်အသွေးသည် ထူးခြားကြောင်း၊
- ▪ များစွာသော တင်ပို့သူများနှင့် ပြုပြင်ထုတ်ပိုးသည့် စက်ရုံများသည် Mamiao မြို့နှင့် အနီးတစ်ဝိုက်ရှိနေရာများတွင် စုစည်းတည်ရှိပြီး နှစ်ပေါင်းများစွာ ဖွံ့ဖြိုးတိုးတက်ပြီးနောက်တွင် Mamiao မြို့ရှိ ကုမ္ပဏီများ သည် လယ်ယာထွက်ကုန်များ စိုက်ပျိုးထုတ်လုပ်ခြင်း၊ ဝယ်ယူခြင်း၊ ပြုပြင်ထုတ်ပိုးခြင်းနှင့် အအေးခန်းသိုလှောင်ခြင်းတို့ကိုပေါင်းစပ်ထားသော ခေတ်မီကြက်သွန်ဖြူ တင်သွင်းသည့် ကုမ္ပဏီများဖြစ်လာခဲ့ပါသည်။

Source: https://www.freshplaza.com/ article/ 9352448/export-price-of-chinese-garlic-increased-by-10-15-compared-to-last-year/

# စိုက်ပျိုးရေး

# ဈေးကွက်သတင်းလွှာ

## Market Information System

## စိုက်ပျိုးရေးဦးစီးဌာန

ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်

* မှာယူမည်ဆိုပါက အမည်၊ လုပ်ငန်း/အဖွဲ့အစည်း၊ ဆက်သွယ်ရန်
လိပ်စာတို့နှင့်အတူ ဈေးကွက်သတင်းအချက်အလက်စနစ်ဌာနစိတ်၊
စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊
ရုံးအမှတ်(၄၃)၊ နေပြည်တော် သို့ဆက်သွယ်မှာယူနိုင်ပါသည်။

ဖုန်း - ၀၆၇ ၃၄၁၀၅၃၈

Email: doamisppme@gmail.com



ဈေးကွက်သတင်းအချက်အလက်စနစ်ဌာနစိတ်
စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ရုံးအမှတ်(၄၃)၊ နေပြည်တော်